# The Myanmar Chronicle

လစဉ်အထူး

အတွဲ ၁၊ အမှတ် ၃၊ မေ ၂၀၀၄



Home
စာစဉ်
ဘာသာ (Language)
ဆက်သွယ်ရန်
အကြောင်းအရာ
Downloads



ADDA Systems
Software Development
That we are able is your advantage

Shwe Dream .com

MYANMARBIBLE.NET

Visitors Since 1st March 2004



How do you know about us?

- from search engines
- from emails
- from advertisements
- from friends

Submit


မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၀၄ခုနှစ် ဧပြီလ ၂၀ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ရာ ကမ္ဘာ့နိုင်ငံများတွင် ထိုသို့အတည်ပြုထားပြီးဖြစ်သည့် ၁၁ နိုင်ငံမြောက် ဖြစ်လာသည်။

## ‘‘မြန်မာနိုင်ငံ ဆေးလိပ်ကင်းဝေးရေး စီမံချက်’’

ဆေးလိပ်၏ လက်ရှိအခြေအနေနှင့် အနာဂတ်အလားအလာ ရှုမြင်ချက်



စစ်တမ်းကောက်ယူလေ့လာခဲ့သည့် ကျောင်းသား အရေအတွက် ၄၅၂၁ တွင် ယောကျ်ားလေး များ၏ ၃၇.၃%နှင့် မိန်းကလေးများ၏ ၄.၇%သည် ဆေးလိပ် သောက်သုံး သူများ ဖြစ်သည်ဟုသိခဲ့ရသည်။ စစ်တမ်းကောက်ယူချိန်တွင် ကျောင်း သားများ၏၂၁.၃%မှာ ဆေးလိပ် သောက်သုံးသူများ ဖြစ်ကြသည်ဟု သိရသည်။ ၂၀%ကျော်သည် မီးခိုး မထွက်သော ဆေးရွက်ကြီး ထွက်ကုန် ပစ္စည်းများကို စားသုံး နေကြသည်။ ဆေးလိပ် သောက်သုံး သူ အများစုသည် စီးကရက်၊ ဆေး လိပ် တစ်မျိုးမျိုးကို ဝယ်ယူရာတွင် အသက်အရွယ် ကြောင့်ငြင်းပယ ်ခံရခြင်း မရှိကြောင်း ဆိုကြပါသည်။ အရေအတွက် ထက်ဝက်ကျော်ကမှု ဆေးလိပ် သောက်သုံးမှုကို အိမ်တွင်းနှင့် အိမ်ပြင်တွင် ကြုံတွေ့ကြကြောင်း ဆိုကြသည်။

Read More...

## ‘‘ကျွန်မတို့ မြန်မာပန်းချီဆရာတွေက အဆင့်အတန်းရှိတယ်တဲ့။’’

နိုင်ငံရပ်ခြားမှမြန်မာပန်းချီပြခန်း ပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း



ကျွန်မတို့ မြန်မာပန်းချီဆရာတွေက အဆင့် အတန်းရှိတယ်တဲ့။ ထိုင်းထက် မြန်မာက ပန်း ချီမှာ သာတယ်တဲ့။ အဲဒါက ထိုင်းမှာ လာနေပြီး လုပ်ကိုင် စားသောက်တဲ့ နိုင်ငံခြားသားတွေ ကိုယ ်တိုင်က ပြောတာ။ နောက်ပြီး လာအိုနဲ့ ကမ္ဘောဒီးယားထက်လည်း သာတယ်တဲ့။

Read More...




Read More...

The Myanmar Chronicle

လစဉ်အထူး | အတွဲ၁၊ အမှတ် ၃၊ မေ ၂၀၀၄

Home
စာစဉ်
ဘာသာ (Language)
ဆက်သွယ်ရန်
အကြောင်းအရာ
Downloads

ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

## ''ကျွန်မတို့ မြန်မာပန်းချီဆရာတွေက အဆင့်အတန်းရှိတယ်တဲ့။''

### နိုင်ငံရပ်ခြားမှ မြန်မာပန်းချီပြခန်းပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း

လူသာကျော်

---



မယ်ဆိုင်မြို့မှသုဝဏ္ဏဘူမိပန်းချီပြခန်းပိုင်ရှင် မမာမာ

မတ်လနောက်ဆုံးပတ်က ကျွန်တော် တာချီလိတ်ကို ရောက်သွားပါတယ်။ ညနေဘက်နေဝင်ခါနီး ရောက်သွား တာပါ။ နောက်တစ်နေ့မနက်မှာ တံတားဖြတ်ကူးပြီး ချောင်းဟိုဘက်ထိုင်းက မယ်ဆိုင်မြို့ကို သွားပါတယ်။ တံတားနဲ့ မဝေးလှတဲ့နေရာက လမ်းတိုလေး (တကယ်တော့ ဟိုတယ်ကိုဝင်တဲ့ လမ်းတိုလေးပါ) ထဲ ဝင်သွားတော့ အနုပညာပစ္စည်း၊ အမှတ်တရပစ္စည်းတွေ ရောင်းတဲ့ဆိုင်တွေအများကြီး လမ်းဘေးဘယ်ညာမှာ ဆိုင်ခန်းလေးတွေအနေနဲ့ တွေ့ရပါတယ်။ ဝမ်ထောင်းဟိုတယ်ရဲ့ ဘေးဘက်ကပ်လျက် လမ်းလေးထဲမှ မြန်မာပန်းချီပြခန်းတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရတယ်။ ပန်းချီကားတွေအားလုံး မြန်မာပန်းချီဆရာတွေရဲ့ ဖန်တီးမှုတွေဖြစ်ပါတယ်။ သည်ထက်ပိုစိတ်ဝင်စားဖို့ကောင်းတာက ပိုင်ရှင်က မြန်မာအမျိုးသမီးဖြစ်နေတာပဲ။ ပိုင်ရှင် မမာမာက တာချီလိတ်မှာနေတာမှာ။ သူ့ဂယ်လာရီနာမည်က ''သုဝဏ္ဏဘူမိ''တဲ့။ သူ့ပန်းချီပြခန်းမှာ (ဆရာ ဦး)ခင်မောင်ရင်၊ ဖေညွန့်ဝေ၊ ဝင်းဖေမြင့်၊ နေမျိုးဆေး၊ မောင်မောင်အောင်၊ စိုင်းဝေလျံ၊ မောင်ဒီ၊ ငြိမ်းချမ်းဆု စသူတို့ရဲ့ အနုပညာဖန်တီးမှုတွေ တွေ့ရပါသည်။ တာချီလိတ်က မပြန်ခင်က တစ်ရက်မှာ မမာမာနဲ့ တွေ့တော့ ပြောဆိုခဲ့တာတွေထဲက ကောက်နှုတ်ဖော်ပြပါရစေ။

မေး–သည်သုဝဏ္ဏဘူမိကိုဖွင့်ဖို့ ဘယ်လိုစိတ်ဝင်စားလာခဲ့တာလဲ။

ဖြေ–ကျွန်မ ပန်းချီတွေကို ကြိုက်လို့၊ မြတ်နိုးလို့ ပန်းချီကားတွေ ဝယ်ပြီးစုဖြစ်တယ်။ ဝယ်ရင်းဝယ်ရင်းနဲ့ ၁၉၉၄ ခုနှစ်လောက်မှာ ကား ၁၀၀ လောက်စုမိသွားတယ်။ သည်လိုစုမိတော့ ကျွန်မတစ်ယောက်တည်း သည်တိုင်းပဲ ကြည့်နေတာနဲ့စာရင် ပြခန်းလေးဖွင့်လိုက်ရင် လာတဲ့လူတွေလည်း ကြည့်ရမယ်ပေါ့။ ဝါသနာပါလို့ ဝယ်ချင်တဲ့လူရှိရင်လည်း ရောင်းမယ်ပေါ့။ (သည်လိုနဲ့) စလုပ်ဖြစ်တာပါ။

မေး–စဖွင့်တော့ ဘယ်နေရာမှာလဲ။

ဖြေ–စဖွင့်တုန်းက တာချီလိတ်မြို့က ရွှေတိဂုံစေတီတော် အနီးတစ်ဝိုက်မှာပါ။ ပထမဦးဆုံးဖွင့်တုန်းက ''Cupid Gallery''ဆိုပြီးတော့ စဖွင့်တာပါ။ နောက်တော့ သည်နာမည်က ism တစ်ခုတည်း ကိုယ်စားပြုတယ်ဆိုပြီးတော့ ကျွန်မနာမည်တစ်ခု ထပ်ရွေးမယ်ဆိုပြီးတော့ စဉ်းစားတယ်။ သည်တော့ ကျွန်မမိတ်ဆွေတွေက သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက နာမည်ပေးတအားတော်တာတဲ့။ ဆရာ့ကို မေးကြည့်တော့ သုဝဏ္ဏဘူမိဆိုပြီးတော့။ ဆရာကြီးက ထိုင်းမှာလည်း သုဝဏ္ဏဘူမိ ဆိုပြီးတော့ သူ့နိုင်ငံသူရှိတယ်ပေါ့။ ရွှေမြေပေါ့။ ရွှေမြေဆိုတာ သူ့နိုင်ငံနဲ့သူရှိတယ်ပေါ့။ ကမ္ဘောဒီးယားမှာလည်းရှိတယ်။ လာအိုမှာလည်းရှိတယ်။ မြန်မာမှာလည်းရှိတယ်တဲ့။ အဲသည်တော့ သည်လိုနယ်စပ်လေးမှာ ဖွင့်တာဆိုတော့ သည်နာမည်လေးကို သူနှစ်သက်တယ်ဆိုပြီးတော့ ပေးလိုက်တာ။

မေး–၁၉၉၄ ခုနှစ်မှာ စဖွင့်တာပေါ့။

ဖြေ–၁၉၉၄ ခုနှစ်မှာ စစုတာပါ။ စုရင်းနဲ့ကျွန်မတကယ်ဖွင့်ဖြစ်တဲ့အခါကျတော့ ၁ ဇန်နဝါရီ ၁၉၉၉ မှာမှ စဖွင့်တာပါ။ နောက် ၂၀၀၀ပြည့်နှစ်မှာ (ထိုင်းနိုင်ငံ) မယ်ဆိုင်မြို့မှာ တစ်ခန်းထပ်ဖွင့်တာပါ။ သည်ဘက်(တာချီလိတ်)မှာ တစ်ခန်း၊ ဟိုဘက် (ထိုင်းဘက်) မှာ တစ်ခန်းပါ။

မေး–လာဝယ်တဲ့လူတွေက ဘယ်လိုလူတွေများပါသလဲ။

ဖြေ–အများဆုံးကတော့ အမေရိကန်နဲ့ ထိုင်းပါပဲ။

မေး–ကိုယ်ပိုင်ဝယ်ယူစုဆောင်းသူတွေနဲ့၊ ပန်းချီကားကုန်သည်တွေရှိရာမှာ ဘယ်သူတွေဝယ်တာက ပိုများပါသလဲ။

ဖြေ–မျှပါတယ်။ မနှစ်ကဆိုရင် အမေရိကန်က ပါမောက္ခတစ်ယောက်လာဝယ်တယ်။ တစ်ရက်တည်းပဲ ဝယ်သွားတာ၊ ၂၂ ကားလောက်ဝယ်တယ်။ ကျွန်မက သူ့ကိုမေးကြည့်တယ်၊ ဘာလုပ်တာလဲပေါ့၊ သူက သူ့မှာသမီးလေးနှစ်ယောက်ရှိတယ်တဲ့။ သူ့သမီးလေးနှစ်ယောက်အတွက် သူအိမ်ဆောက်ထားတယ်တဲ့။ တစ်ယောက်တစ်အိမ်ဆောက်ပေးထားတဲ့ အိမ်တွေမှာ အလှဆင်ဖို့ပါတဲ့။ အဲသည်လိုမျိုး ထူးထူးဆန်းဆန်းလေးတွေ ကျွန်မကြားရတယ်။ ပန်းချီကုန်သည်တွေထဲက လာတာတော့ သိပ်မရှိပါဘူး။ ချင်းမိုင်က တစ်နှစ်တစ်ခေါက်လောက်တော့လာတယ်။

မေး–ကိုယ်တိုင်ဝယ်စုတဲ့ လူတွေများတယ်ပေါ့။

ဖြေ–ဟုတ်တယ်၊ ဟုတ်တယ်။ လာရင်းနဲ့ ကြုံလို့ကြိုက်လို့ ဝယ်သွားတာတွေ များပါတယ်။

မေး–ခုနကပြောသလို အဝယ်များတဲ့ ထိုင်းနဲ့ အမေရိကန်တွေက ဘယ်လိုကားတွေ ဝယ်တာများသလဲ။

ဖြေ–Realism တွေပဲများတယ်။

မေး–နှစ်ဦးစလုံးက Realism ကားတွေ အဝယ်များတယ်ပေါ့။

ဖြေ–ဟုတ်ပါတယ်။ မြန်မာမှုတွေပေါ့။ အထူးသဖြင့် ရေဝတီတို့၊ လှေတို့၊ လှည်းတို့။ သူတို့အဲဒါတွေ နှစ်သက်ကြတယ်။ မော်ဒန်ကတော့ ကျွန်မကြိုက်လို့ တင်ထားတာပဲရှိတယ်။ မရောင်းရသလောက်ပါပဲ။

မေး–မြန်မာမော်ဒန်ကားတွေနဲ့ပတ်သက်လို့သူတို့ (နိုင်ငံခြားသားတွေ) ကလာကြည့်ပြီး မှတ်ချက်ပေးသွားတာမျိုးရှိသလား။

ဖြေ–ကျွန်မဆီမှာရှိတာ ဦးခင်မောင်ရင်ကားတွေများပါတယ်။ သူတို့ဘဲသည်ကားတွေကြည့်ပါတယ်။ ကြည့်ပြီးတော့ နားတော့မလည်ဘူး။ ဒါပေမယ ့်ကောင်းတယ်ပေါ့။

ကျွန်မတို့မြန်မာပန်းချီဆရာတွေကအဆင့်အတန်းရှိတယ်တဲ့။ ထိ လုပ်ကိုင် စားသောက်တဲ့ နိုင်ငံခြားသားတွေကိုယ်တိုင်က ပြောတာ။

မေး–မြန်မာပန်းချီကားတွေအပေါ် နိုင်ငံခြားသားတွေက ယေဘူယျအားဖြင့် ဘယ်လိုကောက်ချက်ချ ကြပါသလဲ။

ဖြေ–ခြုံပြီးပြောရရင် အားလုံးက ချီးမွမ်းကြတယ်။ မြန်မာပန်းချီကားတွေကို ကြိုက်ကြတယ်။ သည်နေ့လာဝယ်တဲ့လူဆိုရင် ကျွန်မရဲ့ ပန်းချီပြခန်းကြီးကို ချင်းမိုင်မှာ ဖွင့်လိုက်ရင် သိပ်ကောင်းမှာပဲတဲ့။ ချင်းမိုင်မှာ ပြခန်းပေါင်း ၁၀၀ လောက်ရှိရင် ရှိမယ်တဲ့။ ဒါပေမယ့် သည်လိုဆွဲဆောင်မှုရှိတဲ့ ပြခန်း၊ သည်လောက် အဆင့်အတန်းရှိတဲ့ ပန်းချီပြခန်းတွေ မရှိဘူးတဲ့။ ကျွန်မတို့ မြန်မာပန်းချီဆရာတွေက အဆင့်အတန်းရှိတယ်တဲ့။ ထိုင်းထက်မြန်မာက ပန်းချီမှာ သာတယ်တဲ့။ အဲဒါက ထိုင်းမှာ လာနေပြီး လုပ်ကိုင်စားသောက်တဲ့ နိုင်ငံခြားသားတွေ ကိုယ်တိုင်က ပြောတာ။ နောက်ပြီး လာအိုနဲ့ ကမ္ဘောဒီးယားထက်လည်း သာတယ်တဲ့။ တော်တော်ကောင်းနေတာက ဗီယက်နမ်။ ဗီယက်နမ် ပန်းချီကားတွေက တော်တော်လေးကောင်းတယ်။

တချို့က ကျွန်မပန်းချီကားတွေမှာ (ဒေါ်လာ) ၂၀၀၊ ၃၀၀၊ ၄၀၀ ကပ်ထားတာကို ဈေးအရမ်းပေါတာပဲတဲ့။

မေး–ဈေးနှုန်းမကပ်ဘဲ ရောင်းရင်ကော ဘယ်လိုနေမလဲ။

ဖြေ–ထိုင်းမှာက ဈေးနှုန်းတွေအားလုံးကို ကပ်ထားရတယ်။ မကပ်လို့ရှိရင် ဒဏ်ငွေရိုက်တယ်။ ဘတ် ၁၀၀၀၀ ကနေဘတ် ၁၀၀၀၀၀ အထိရိုက်လို့ရတယ်တဲ့။

မေး–ကပ်ထားတာက ပုံသေသတ်မှတ်ဈေးနှုန်းဆိုတဲ့သဘောလား။

ဖြေ–ပုံသေဈေးနှုန်းတော့ မဟုတ်ဘူး။ ကျွန်မက လူကြည့်ပြီး ရောင်းသေးတာပေါ့။ အမေရိကန် အဖိုးကြီး၊ အဖွားကြီးနှစ်ယောက် တစ်ခါလာဖူးတယ်။ သူတို့က ကိုဇော်ဝင်းဖေ ကားလေးကို အရမ်းသဘောကျတယ်။ လိုချင်တယ်တဲ့။ ပိုက်ဆံလည်း မကျန်တော့ဘူးတဲ့။ ကျွန်မက ဘယ ်လောက်ကျန်လဲဆိုတော့ ဘတ်–၉၅၀ ပဲရှိတယ်တဲ့။ ၉၀၀ ဆိုရင် ကျွန်မတို့ငွေ ၂၀၀၀၀ လောက်ပေါ့။ ဒါနဲ့ ယူသွားလိုက်ပါဆိုပြီး ၉၀၀ ပဲယူထားလိုက်တယ်။ သူတို့ကို ၅၀ ပြန်ပေးလိုက်တယ်။ အဲသည်တော့ အဖိုးကြီး၊ အဖွားကြီးက အရမ်းပျော်သွားတယ်။ ဈေးတင်လို့ရမယ့်လူမျိုးဆိုရင်တော့ ကျွန်မတင်လိုက်တာပေါ့။

မေး–လုပ်ငန်းချဲ့ဖို့ဘယ်လို အစီအစဉ်ရှိပါသလဲ။

ဖြေ–ပြေထဲမှာပဲ ချင်းမိုင်မှာ ဂယ်လာရီတစ်ခုဖွင့်ဖို့ ကြိုးစားနေပါတယ်။ အခန်းကရနေပြီ။ မြန်မာပန်းချီဆရာတွေကလည်း အားပေးကြတယ်။ တကယ ့်လို့ပြခန်းနေရာရပြီဆိုရင် နေရာကိုပဲ စိတ်ပူပါတဲ့။ ပန်းချီကားရဖို့ စိတ်မပူပါနဲ့တဲ့။

(အရင်ကတော့) စတဲ့အချိန်ကစပြီး ကိုယ်ပိုင်ပဲဝယ်တာ။ ကျွန်မရဲ့ ပြခန်းမှာ တင်ထားတာတို့ ဘာတို့မရှိဘူး။

မေး–ချင်းမိုင်မှာဖွင့်မယ့် ဂယ်လာရီကို ရေရှည်မှာ ဘယ်လိုမျှော်မှန်းထားပါသလဲ။

ဖြေ–အများကြီးစဉ်းစားထားတာ ကျွန်မမှာ မရှိပါဘူး။ ကျွန်မအသက်ကြီးတဲ့အချိန်မှာ ပန်းချီကားလေးတွေကြည့်ပြီး အေးအေးဆေးဆေး ဘဝကိုဖြတ်သန်းသွားတဲ့ ဘဝကို လိုချင်တာပါ။ စိတ်ချမ်းချမ်းသာသာနဲ့ပေါ့။ ကျွန်မက တစ်ယောက်တည်းသမားဆိုတော့ ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းလေးပေါ့။ ပြခန်းထဲမှာ ထိုင်နေရင်းကို အလိုလိုနေရင်း စိတ်ချမ်းသာတာပေါ့။ အဲသည်လောက်ပဲ ကျွန်မစိတ်ကူးထားပါတယ်။ ဒီနေ့ထက်ထိလည်း စီးပွားရေးအရ ကျွန်မ မအောင်မြင်သေးပါဘူး။ အမှန်အတိုင်းပြောရရင် မနှစ်က မယ်ဆိုင်က ဝမ်ထောင်းဟိုတယ်က ဂယ်လာရီအခန်းစရိတ် ရှုံးပါတယ်။ မနှစ်က မရောင်းရပါဘူး။

နောက်တစ်ခုရှိတာက ကျွန်မရဲ့ အစ်ကိုနှစ်ယောက်က ကျွန်မကို အတတ်နိုင်ဆုံးပံ့ပိုးပါတယ်။ ကျွန်မက အစ်ကိုအငယ်အိမ်မှာနေတယ်။ နေ့ဘက်ဆိုရင် အစ်ကိုအကြီးက ထမင်းကျွေးတယ်။ ညဘက်ဆိုရင် အစ်ကိုအငယ်က ထမင်းကျွေးတယ်။ အစ်ကိုတွေက ကျွန်မဝါသနာပါတာလုပ်ဖို့ ကျွန်မကိုအများကြီးအထောက်အကူပြုပါတယ်။ နောက်ကိုဘာမှ လှည့်ကြည့်စရာမလိုပါဘူး။ ကျွန်မတစ်လ တစ်လပြခန်းခပဲ ရှာရတာ။

(စကားပြောပြီးလို့ ပြန်မယ်အလုပ်မှာ မိုးတွေ နောက်တစ်သုတ်ရွာချလို့ ခဏဆက်နေနေရပြီး ပြန်ခါနီးမှာ မဖြစ်မနေထီးငှားလိုက်တဲ့ မမာမာကို ကျေးဇူးစကားဆိုပါရစေ။ စိတ်ရှည်လက်ရှည် ခုလိုပြောမပြရင် ကျွန်တော်လည်း အခုလိုမျှဝေပြောနိုင်မှာ မဟုတ်ပါဘူး။)

**Back...**

# The Myanmar Chronicle





ADDA Systems
Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET




Back...

# Dr. Nyo Nyo Kyaing

**Degrees:**

1) MPH(HP&M), 1996, Johns Hopkins School of Hygiene and Public Health,Baltimore, USA

2) M.Med.Sc (PH), 1989, Institute of Medicine, Yangon

3) M.B, B.S; 1980, Institute of Medicine, Mandalay

**Designation:**

Deputy Director (Primary Health Care), Project Manager of Tobacco Control Programme in Myanmar.

**Funded Research:**

1) Study on Poverty alleviation and tobacco control in Myanmar (WHO SEARO) on going

2) Situational Analysis of Women and Tobacco in South-East Asia Region, (WHO SEARO) 2003

3) Pilot Global Medical Doctors Survey (WHO) 2003

4) Pilot Study on Community-based Cessation of Tobacco Use (WHOSEARO) 2003

5) Review of multisectoral mechanisms in comprehensive tobacco control mechanisms in Myanmar (WHO SEARO) 2002

6) Myanmar Sentinel Tobacco Use Prevalence Study (WHO SEARO)(2001)

7) Study on Tobacco Economics in Myanmar (WHOSEARO)(2001)

8) Global Youth Tobacco Survey (WHO, CDC) 2001

**Papers, Publications**

1) Study on Tobacco Economics in Myanmar, HNP Discussion Paper No; 14, World Bank and WHO

2) Prevalence of tobacco use in Myanmar (2001)

(Paper presented at Myanmar Research Congress)

3) Knowledge, attitude and behaviour of tobacco use in Myanmar (2001) (Paper presented at Myanmar Research Congress)

4) Myanmar Global Youth Tobacco Survey (2001) (Report submitted to CDC and WHO, Fact sheet available on website URL)

5) Situational Analysis of Environmental Sanitation in Thingangyun Township ( thesis, 1989)

6) Baseline study for Human Development Initiative Townships (UNDP Report,1995)

**Close...**